
ရှေ့နေကြီး
ပယ်ရီမေဆင်
နှင့်

# ကတ္တီပါလက်သည်း
# အမှု

မောင်ဝံသ

မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး



# The Case of the Velvet Claws

ERLE STANLEY
GARDNER

A Perry Mason Mystery

ဒုတိယအကြိမ်

# ပယ်ရီမေဆင်နှင့် ကတ္တီပါလက်သည်းအမှု

အတွင်းရေးသတင်းများကို စုဆောင်း၍ ငွေညှစ်လေ့ရှိသော စာစောင်တစ်ခု၏ လျှို့ဝှက်ပိုင်ရှင်တစ်ဦး။

တိတ်တိတ်ပုန်း ဇာတ်လမ်းတစ်ခု ပေါ်သွားမည်ကို စိုးရိမ်ထိတ်လန့်နေသည့် လင်ရှိမယားတစ်ယောက်။

အမှုသည် အပေါ် သစ္စာရှိသလောက် အမှုသည် ၏ တစ်ပတ်ရိုက် ခံရသည့် ရှေ့နေကြီး။

ကိုယ်တိုင် တရားခံ ဖြစ်ရတော့မည့် လူသတ်မှု အရှုပ်တော်ပုံကို 'ပယ်ရီမေဆင်' ဖြေရှင်းခဲ့ရပုံများ ။

***

အခန်း(၁)

ဆောင်းဦးရာသီ၏ နေရောင်သည် ပြတင်းပေါက်မှ ဖြာကျလျက်ရှိသည် ။

လော့စ်အိန်ဂျယ်လီမြို့၏ အထင်ရှားဆုံး စာရင်းဝင် ရှေ့နေကြီး ပယ်ရီမေဆင်သည် ရုံးခန်းစားပွဲ၌ ထိုင်လျက် တစ်စုံတစ်ဦးကို စောင့်မျှော်နေဟန် ရှိသည် ။ ပယ်ရီမေ၏ မျက်နှာအမူအရာမှာ စစ်တုရင်ခုံဆီသို့ ကြည့်ရှုကာ ရွှေ့ရမည့် အကွက်ကို သုံးသပ်နေသော စစ်တုရင် ဆရာတစ်ဦး၏ အသွင်မျိုး အမြဲတမ်း ပေါ်နေသည် ။

မျက်နှာပြင်တစ်ခုလုံး ငြိမ်သက်နေပြီး မျက်လုံးများကသာ လှုပ်ရှားပြောင်းလဲမှု ရှိသည် ။ သူသည် အတွေးသမားတစ်ဦး ဖြစ်သလို တိုက်ပွဲဝင်ရမည် ဆိုလျှင်လည်း တိုက်ဖို့ ခိုက်ဖို့ ဦးမလေးသူ တစ်ဦးပင်။

ပယ်ရီမေဆင့် ရုံးခန်း၏ နံရံများ တွင် သားရေဖုံး စာအုပ်ကြီးများ ဖြင့် ပြည့်နှက်နေသည့် စာအုပ်စင် များက နေရာယူထားသည် ။ အခန်းထောင့်တွင် ကြီးမားသော မီးခံသေတ္တာ တစ်လုံး ရှိသည် ။ ပယ်ရီမေဆင်ထိုင်နေသော ဆုံလည်ကုလားထိုင် အပြင် သူ၏ စားပွဲကြီးရှေ့၌ ကုလားထိုင်နှစ်လုံး နေရာချထားသည် ။

သူ၏ ရုံးခန်းမှာ အတွင်းပိုင်း၌ ရှိသည် ။ ရှေ့ဘက်တွင် အပြင်ရုံးခန်းသီးသန့် ရှိသည် ။ ပယ်ရီမေဆင်၏ အတွင်းရေးမှူးမကလေး ‘ဒယ်လာစထရိ’က အပြင်ရုံးခန်း၌ ထိုင်သည် ။ ဝင်ဝင်ချင်း အခန်း၌ တယ်လီဖုန်းအော်ပရေတာ အမျိုးသမီး ‘ဂါတီ’ရှိသည် ။

အပြင်ရုံးခန်းနှင့် ဆက်ထားသော တံခါး ပွင့် လာပြီး ဒယ်လာစထရိ

ဝင်လာသည်။

"အမျိုးသမီး တစ်ယောက် ဆရာ . . .၊ မစ္စက် အီဗာဂရစ်ဖင်လို့ သူ့နာမည်ကို ပေးတယ်၊ ဆရာနဲ့ တွေ့ချင်လို့ တဲ့ "

ပယ်ရီမေဆင်က ဒယ်လာစထရိအား စူးစမ်းသော အကြည့်ဖြင့် လှမ်းကြည့်ကာ မေးလိုက်သည်။

"ငါတပည့် လေသံက အဲဒီမိန်းမဟာ မစ္စက်အီဗာဂရစ်ဖင် အစစ် မဟုတ်ဘူး ဆိုတဲ့ သဘောပါလား"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မကတော့ ဒီအမျိုးသမီး လိမ်ပြောတယ် ထင်တာပဲ၊ တယ်လီဖုန်း လမ်းညွှန် စာအုပ်ထဲမှာ ရော၊ မြို့တော် လူဦးရေ စာရင်းမှာ ရော ချက်ချင်း ရှာကြည့်ပြီးပါပြီ ဆရာ၊ ဂရစ်ဖင်တွေ အများကြီး တွေ့ပေမဲ့ သူပြောတဲ့ လိပ်စာ မဟုတ်ဘူး ၊ ပြီးတော့ အီဗာဂရစ်ဖင် ဆိုတာလည်း လုံးလုံး မတွေ့ရဘူး ဆရာ"

"လိပ်စာက ဘာတဲ့ လဲ"

"၂၂၇၁ - ဂရို့လမ်းတဲ့ ဆရာ"

ပယ်ရီမေဆင်က စာရွက်ပိုင်းကလေး တစ်ခု၌ ရေးမှတ်လိုက်ပြီး ပြောလိုက်သည်။

"တွေ့လိုက်တာပေါ့ကွယ်၊ ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်မပြောတာလည်း မတွေ့စေချင်တဲ့ သဘော မဟုတ်ပါဘူး ဆရာ၊ သူ့ ကြည့်ရတာ လိမ်ပြောနေပုံ ရတယ်ဆိုတာပဲ ပြောပြတာပါ" ဟု ဆိုကာ ဒယ်လာ ပြန်ထွက်သွားသည်။

ဒဘ်လာစထရိသည် ခန္ဓာကိုယ် သွယ်သွယ်လျလျ၊ တည်ငြိမ်သော မျ

က်လုံးများ ရှိသည်။ လောကကြီးကို ကြည်နူးစွာ ကြည့်ရှုတတ်ပုံမျိုး ပေါ် သော်လည်း အပေါ်ယံအလွှာကို ဖောက်ထွင်း၍ အတွင်းကျကျ သိနိုင်စွမ်း ရှိပုံ ရသည်။ အသက်အရွယ်မှာ ၂၇ နှစ်ခန့်မျှဟု ခန့်မှန်းရသည်။

ခဏအကြာတွင် တံခါး ပြန်ပွင့် လာပြီး အမျိုးသမီး တစ်ယောက် ဝင်လာသည်။ အသက် ၃၀ ကျော်ကျော်မျှ ရှိဦးမည်ဟု ထင်ရသည်။ မကျော်သေးလျှင်လည်း ၂၉ နှစ်ခန့်ဟု ဆိုနိုင်လိမ့်မည်။ လောကကြီးတွင် အလေးအနက် သိပ်မစဉ်းစားဘဲ နေသွား ထိုင်သွားတတ်သည့် အမျိုးအစားမျိုး ဖြစ်သည်။ သူ့ကိုယ်သူကား ကောင်းစွာ သ,တတ်မည့် ပုံ ရှိသည်။

စားပွဲ၌ ထိုင်နေသော ရှေ့နေကြီးကို လှမ်းမကြည့်မီ ရုံးခန်းတွင် အနေအထားများကို အရင် ကြည့်လိုက်သေးသည်။ ပယ်ရီမေဆင်က "လာပါ၊ ထိုင်ပါခင်ဗျာ" ဟု ဖိတ်ခေါ်လိုက်မှ လှမ်းကြည့်သည်။ မျက်နှာတွင် စိတ်ပျက်သွား သယောင်ယောင် ပုံသဏ္ဌာန်မျိုး ရိပ်ခနဲ ပေါ်သွားသည်။ ရှေ့နေ ပယ်ရီမေဆင် ဆိုသူမှာ သူမ ဝင်လာသည့် အခါ စားပွဲမှ ထ၍ ဖိတ်ခေါ်နှုတ်ဆက်မည့် ယောကျ်ားတစ်ယောက် ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ပုံရသည်။ မိန်းမသားတစ်ယောက်၊ ပြီးတော့ သူမလို အဆင့်အတန်းရှိသူ တစ်ယောက်အား အရေးတယူ ရှိစေချင်ဟန် တူသည်။

ထို့ကြောင့် ပယ်ရီမေဆင်၏ ဖိတ်ခေါ်စကားကို မကြားယောင်ပြု၍ တစ်စုံတစ်ရာ စကားပြန်မဆိုဘဲ နေလိုက်ပြီးမှ ဘာမှ အရေးမကြီးသည့်ဟန်ဖြင့် ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။ အကျထိုင်လိုက်ပြီးမှ ရှေ့နေကြီးကို လှမ်းကြည့်သည်။

"ကဲ . . . ဆိုပါဦး" ဟု ပယ်ရီမေဆင်က စကားစလိုက်သည်။

"ရှင်က ဝတ်လုံကြီး မစ္စတာ မေဆင်နော်"

"မှန်ပါတယ် ခင်ဗျာ"

အမျိုးသမီးက မျက်လုံးပြာကြီးများကို တမင်ကြိုးစားလျက် ဝင့်ခနဲ ပြူလိုက်ပြီးမှ စကားဆက်သည်။

"ကျွန်မ . . . ဒုက္ခ တွေ့နေရပါတယ်ရှင်" ဟု အလွန် အပြစ်ကင်းစင်သူ တစ်ဦး၏ ဟန်မျိုးဖြင့် စတင် ပြောဆိုသည်။

မေဆင်က တစ်စုံတစ်ရာ ထူးခြားသော အမူအရာ မပြဘဲ နေ့စဉ်ကြားနေကျ ကြုံနေကျ ကိစ္စတစ်ခုကို ဆက်ဆံသည့် ပုံမျိုးဖြင့် ကြည့်နေသည်။ အမျိုးသမီးက စကားမဆက်ဘဲ ရပ်နေတော့မှ မေဆင်က ပြောသည်။

"ကျုပ်ဆီကို လာကြတဲ့ လူတိုင်းကတော့ . . ."

စကားမဆုံးမီ အမျိုးသမီးက ဖြတ်ပြောသည်။

"ကျွန်မ ကိစ္စကိုတော့ လွယ်လွယ် မထင်ပါနဲ့ ရှေ့နေကြီး၊ ကျွန်မ တိုင်ပင်ခဲ့ပြီးတဲ့ ဝတ်လုံတွေ အတော် များများကတော့ . . ." ဟု ဆိုကာ ရုတ်တရက် စကားရပ်သွားသည်။

မေဆင်က ပြုံး၍ ကြည့်နေလိုက်သည်။ ထို့နောက် ထိုင်ရာမှ ဖြည်းညင်းစွာ ထလျက် စားပွဲ၌ လက်ထောက်ကာ ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ သို့ဖြင့် သူမကို အပေါ်မှ စီးမိုးကြည့်သည့် အနေအထား ဖြစ်သွားသည်။

"ဒီမှာ အမိ၊ ကျုပ် သိပါတယ်၊ ခင်ဗျား သွားပြီး တိုင်ပင်ခဲ့တဲ့ ဝတ်လုံကြီးတွေက အင်မတန်ခမ်းနားတဲ့ အခန်းကျယ်ကြီးတွေနဲ့ ၊ စာရေး ကြီးငယ်တွေကလည်း ဝင်ထွက်မစဲ တသဲသဲနဲ့ ၊ ဟုတ်စ၊ ပြီးတော့ ခင်ဗျားကလည်း ပိုက်ဆံတွေ နင့်ခနဲ ပေးခဲ့၊ ဒါပေမဲ့ ပေးရသလောက် အရာမရော

က်၊ သူတို့ က ရုံးခန်းထဲ ခင်ဗျား ဝင်သွားရင် ဦးညွှတ်ပြီး ပျာပျာသလဲ နှုတ်ဆက်ကြတယ်၊ ရှေ့နေခ ကျတော့လည်း နင့်အောင် ယူမယ်၊ ဒါပေမဲ့ တကယ်တမ်း ခင်ဗျားမှာ အကျပ်အတည်း တွေ့လာတော့ ခင်ဗျား သူတို့ဆီ မသွားရဲတော့ဘူး မဟုတ်လား"

သူမ၏ ကျယ်ပြန့်သော မျက်ဝန်းများ သည် ကျဉ်းသွားလျက် ပယ်ရီမေဆင်နှင့် နှစ်စက္ကန့် သုံးစက္ကန့်မျှ ရင်ဆိုင်ကြည့်နေသည် ။ ထို့နောက် အမျိုးသမီးက မျက်လွှာချသွားသည် ။ မေဆင်က အသံကို လုံးဝမမြှင့်၊ ဖြည်းညင်းစွာ ဆက်ပြောသည် ။ သို့ရာတွင် အားမာန် အပြည့်ပါသော အသံဖြင့်။

"ကောင်းပြီ . . .၊ ကျုပ်ကတော့ တစ်မျိုး၊ ကျုပ်က တိုက်ပွဲဝင်ဖို့ အတွက် ရှေ့နေလုပ်တာ၊ ကျုပ် အမှုသည် တွေ အတွက် တိုက်ပွဲဝင်ပေးဖို့ ဟုတ်လား၊ စီးပွားရေး လုပ်ငန်းကြီးတစ်ခု ထူထောင်ဖွဲ့စည်းတဲ့ ကိစ္စမျိုးမှာ ဘယ်သူမှ ကျုပ်ကို ဝတ်လုံ မငှားဘူး၊ အိမ်မြေ အရောင်းအဝယ် အငှားအရမ်း ကိစ္စမျိုးမှာ လည်း ကျုပ် ဘယ်တုံးကမှ မလိုက်ဖူးဘူး၊ စာချုပ်စာတမ်း ချုပ်ပေးရတဲ့ ကိစ္စမျိုးဆိုရင် ကျုပ်တစ်သက်မှာ တစ်ဒါဇင်တောင် မပြည့်ခဲ့ဘူး၊ ကျုပ်ဆီကို လာငှားကြတဲ့ လူတွေက ကျုပ် မျက်လုံးအကြည့် ကြည့်ပုံ ရှုပုံကို ကြိုက်လို့ လာကြတာ မဟုတ်၊ ကျုပ် ရုံးခန်းကြီးကျယ်ခမ်းနားလို့ လာကြတာလည်း မဟုတ်၊ ကလပ်တစ်ခုခုမှာ မိတ်ဖြစ်ဆွေဖြစ် သိကျွမ်းခဲ့ကြလို့ လာကြတာလည်း မဟုတ်၊ သူတို့ ဘာကြောင့် လာကြသလဲ သိလား၊ ကျုပ် လုပ်ပေးနိုင်တဲ့ အလုပ်မျိုးအတွက် ကျုပ်ကို ငှားချင်ကြလို့ လာကြတာပဲ"

အမျိုးသမီးက မေဆင်အား မော်ကြည့်ကာ ဝင်၍ ပြောဆိုသည် ။ "ဒါဖြင့် မစ္စတာ မေဆင်က ဘယ်လို ကိစ္စမျိုးကို တတ်နိုင်ပါသလဲတဲ့ ရှင်"

မေဆင်က တိုတိုပင် ပြန်ဖြေလိုက်သည် ။

"တိုက်ပွဲဝင်ရတဲ့ ကိစ္စမျိုး"

အမျိုးသမီးက ကျေနပ်အားရစွာ ခေါင်းညိတ်လျက် ပြောလိုက်သည် ။ "ကိုင်း . . . ကျွန်မလည်း အဲဒီ ကိစ္စအတွက် ပါပဲရှင်"

မေဆင်က ဆုံလည် ကုလားထိုင်၌ ပြန်ထိုင်ချလိုက်ကာ စီးကရက်တစ်လိပ် ထုတ်ယူ၍ မီးညှိလိုက်သည် ။ အခြေအနေမှာ ချက်ချင်းပင် ပြေလည်သွားကြပုံ ရှိလာသည် ။

"ဟုတ်ပြီ၊ ဟုတ်တို့ လည်း စကားအချီးတွေနဲ့ အတော် အချိန်ဖြုန်းလိုက်ရပြီ၊ လိုရင်းပြောရအောင်၊ ခင်ဗျားကိစ္စက ဘယ်လိုလဲ၊ ဒီတော့ ပထမဆုံးက ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ဆီကို လာရအောင် ဘယ်လို အခြေအနေမျိုး ဖြစ်ပျက်ခဲ့သလဲ၊ အဲဒီလို အစဉ်အတိုင်း ဖြေသွားပေတော့"

အမျိုးသမီးက သူမ၏ ဇာတ်လမ်းကို ကရားရေသွန် ပြောပြတော့သည် ။ ယခုလို ပြောဖို့ ကြိုတင် ဇာတ်တိုက် လေ့ကျင့်ထားသလားဟု ထင်ရလောက်အောင် မနားတမ်း စီကာစဉ်ကာ ပြောပြသွားသည် ။

"ကျွန်မဟာ အိမ်ထောင်ရှင်ပါ၊ နာမည်က အီဗာဂရစ်ဖင်လို့ ခေါ်ပါတယ်၊ အမှတ် ၂၂၇၁၊ ဂရို့လမ်းမှာ နေပါတယ်၊ ကျွန်မမှာ ဒုက္ခတစ်ခု ကြုံနေရပါတယ်၊ ဒီကိစ္စက ကျွန်မခါတိုင်း ဆက်ဆံနေကျ ဝတ်လုံတွေကို ဆွေးနွေးလို့ မဖြစ်တာမျိုးမို့ အခက်အခဲ တွေ့ရတုန်း ကျွန်မရဲ့ မိတ်ဆွေ အမျိုးသမီး တစ်ယောက်က ဝတ်လုံကြီး ပယ်ရီမေဆင်ဆီကို သွားဖို့ တိုက်တွန်းပါတယ်၊ ရှင်က တရားခွင် ရှေ့နေအဖြစ်သာ မဟုတ်ပါဘူး၊ အမှုအခင်းတွေကို ကိုယ်တိုင်ကိုယ်ကြပ် လိုက်ပြီး စုံစမ်းဖော်ထုတ် တတ်တယ်လို့ ပြောပါတယ်"

အမျိုးသမီးက ခေတ္တမျှ ရပ်နားပြီးမှ မေးလိုက်သည် ။

"အဲသလိုကော ဟုတ်ပါသလားရှင်"

မေဆင်က ခေါင်းသာ ညိတ်ပြလိုက်သည် ။ ပြီးနောက် ဆက်လက် ရှင်းပြသည် ။ "ဝတ်လုံကြီးတွေ ဆိုတာကတော့ ရှေ့နေစာရေးတွေ ငှားထားမယ်၊ စုံထောက်တွေလည်း ငှားပြီး သုံးမယ်၊ ကျုပ်ကတော့ အဲဒါမျိုး မလုပ်ဘူး၊ ကျုပ်ကိုင်တဲ့ အမှုတွေမှာ တခြားလူကို လွှဲရတာမျိုး မကြိုက်ဘူး၊ အမှုလည်း များများ လက်မခံဘူး၊ အဲ . . . လက်ခံပြီ ဆိုရင်တော့ ကြေးလည်း များများ ယူတယ်၊ ယူသလောက်လည်း အောင်မြင်အောင် လုပ်ပေးတယ်၊ ကျုပ်က စုံထောက် ငှားသုံးရင်လည်း စုံထောက်အတွက် မြက်မြက်ကလေး ရအောင် ပေးတတ်တယ်"

သူမက အားတတ်သရော ခေါင်းညိတ် ထောက်ခံလိုက်သည် ။ ကြိုက်သွားပြီ ဟူသော သဘောမျိုး။ ထို့နောက် ဇာတ်လမ်းကို ဆက်သည် ။

"မနေ့ညက ဘိဝုဟိုတယ်မှာ လုယက်မှုတစ်ခု ဖြစ်ခဲ့တဲ့ အကြောင်း သတင်းစာထဲမှာ ရှေ့နေကြီး ဖတ်ပြီး ဖြစ်လိမ့်မယ်၊ ပင်မ စားသောက်ခန်းကြီးနဲ့ သီးသန့် စားသောက်ခန်းတွေ ထဲမှာ ဧည့်သည် တွေ ရှိနေတယ်၊ လူတစ်ယောက် ဧည့်သည် တွေဆီက အနုကြမ်းစီးဖို့ ကြိုးစားတယ်၊ တစ်ယောက်ယောက်က သူ့ကို သေနတ်နဲ့ ပစ်လိုက်တယ်"

မေဆင်က ဖြတ်ပြောသည် ။ "အဲဒီ သတင်းကို ကျုပ် ဖတ်ပြီးပါပြီ၊ ဒီတော့ ဘာဖြစ်သလဲ"

"ညက ကျွန်မ အဲဒီမှာ ရှိခဲ့တယ်"

မေဆင်က ပခုံးကို တွန့်လိုက်ပြီး မေးမြန်းသည် ။

"ဘယ်သူက ပစ်လိုက်တယ် ဆိုတာ ခင်ဗျား သိခဲ့သလား"

အမျိုးသမီးက ခေတ္တမျှ မျက်လွှာကို ချထားပြီးမှ မော်ကြည့်ကာ ပြန်ပြောသည် ။

"မသိပါဘူးရှင်"

မေဆင်က မျက်မှောင်ကြုတ်၍ သူမကို စူးစမ်း ကြည့်နေလိုက်သည် ။ အမျိုးသမီးက မျက်လွှာပင့်ကြည့် နေရာမှ ပြန်ငုံ့သွားသည် ။ မေဆင်က အဖြေမရသေးဟန်ဖြင့် စောင့်နေသည် ။ ခဏအကြာတွင် သူမက ပြန်၍ မော်ကြည့်ကာ ဂနာမငြိမ် ဖြစ်ဟန်ဖြင့် ကုလားထိုင်၌ နေရာပြင်ထိုင်သည် ။ ထို့နောက် စိတ်တုံးတုံးချ လိုက်ဟန်ဖြင့် "ကောင်းပါပြီလေ၊ ရှေ့နေကြီးကို ကျွန်မရဲ့ အကျိုးဆောင် အနေနဲ့ အကူအညီ တောင်းနေတာ ဆိုတော့ မှန်တာကိုပဲ ပြောရတော့မှာ ပေါ့"

မေဆင်က ခေါင်းညိတ်ပြ၍ ပြောသည် ။

"ဆက်ပြောပါ"

"ကျွန်မတို့ ဟိုတယ်ထဲက ထွက်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ ထွက်လို့ မရဘူး၊ ဝင်ပေါက် ထွက်ပေါက် အားလုံး ရဲအစောင့်တွေ ချထားတယ်၊ ပစ်တာခတ်တာ မဖြစ်ခင် အနုကြမ်း စစီးကတည်းက တစ်ယောက်ယောက်က ရဲကို ဖုန်းဆက်ထားတာ ဖြစ်မယ်၊ ကျွန်မတို့ မထွက်နိုင်ခင်မှာ ဘဲ ရဲက ဝိုင်းထားပြီးပြီ"

"ကျွန်မတို့ ဆိုတော့ ခင်ဗျားနဲ့ ဘယ်သူ ပါသေးလို့ လဲ"

အမျိုးသမီးက သူမ၏ ရှူးဖိနပ်ဦးကို ငုံ့ကြည့်နေပြီး ငြိမ်နေပြန်သည် ။ ပြီးမှ မပွင့်တပွင့်ဖြင့် ပြောသည် ။

"ဟာရီဆင်ဘတ်နဲ့ အတူတူပါ"

မေဆင်က ချက်ချင်း ပြန်မေးလိုက်သည် ။

"သြော် . . . ဟာရီဆင်ဘတ်ဆိုတာ ဟို ရွှေးကောက်ပွဲ ဝင်တဲ့ "

စကားမဆုံးမီ အမျိုးသမီးက မြန်မြန်ဖြတ်၍ "ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . .သူပါပဲ" ဟု ဖြေသည် ။ ဟာရီဆင်ဘတ် အကြောင်း ထပ်မပြောစေလိုသော သဘောမျိုး ဖြစ်သည် ။

"အဲဒီနေရာကို သူနဲ့ ခင်ဗျား ဘာအတွက် သွားခဲ့ကြသလဲ"

"ညစာ စားပြီး တွဲက, ကြဖို့ ပါ"

"သြော် . . . သြော်"

"ကျွန်မ ဆက်ပြောပါ့မယ်၊ ဟိုတယ်က ထွက်လို့ မရတော့ ကျွန်မတို့ သီးသန့် စားသောက်ခန်းထဲ ပြန်သွားတယ်၊ ရဲအရာရှိတွေက မျက်မြင်သက်သေရဲ့ နာမည်စာရင်း ယူတဲ့ အခါ ရှောင်နိုင်အောင်လို့ ပါ၊ ရဲတွေကို ခေါင်းဆောင်လာတဲ့ ရဲကြပ်ကြီးက ဟာရီဆင်ရဲ့ မိတ်ဆွေဆိုတော့ အားလုံး မေးမြန်းပြီးတဲ့ အထိ အခန်းထဲမှာ ပဲ ကျွန်မတို့ ကို နေခိုင်းတယ်၊ ပြီးစီးတော့မှ ဟိုတယ် နောက်ဘက်အပေါက်က ကျွန်မတို့ ကို တိတ်တိတ် ထွက်သွားခိုင်းတယ်၊ အဲဒီတုန်းကသာ ကျွန်မတို့ အဲဒီနေရာမှာ ရှိတယ်ဆိုတာ သတင်းစာတွေက သိသွားရင်တော့ သွားပြီ . . . ကျွန်မတို့ တော့ အကြီးအကျယ် ဒုက္ခပဲ"

"တစ်ယောက်ယောက် မြင်သွားသေးသလား"

"ကျွန်မသိတဲ့ အထဲကတော့ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး"

"ကောင်းပြီ၊ ဆက်ပြောပါဦး"

"ဒါထက် ရှေ့နေကြီး၊ ဖရန့်လော့ ဆိုတဲ့ လူတစ်ယောက်ကို သိပါသ

လား"

"ဩော် . . . ဟိုစာစောင်လေ၊ အတွင်းရေး သတင်းစုံ ဆိုတာရဲ့ အယ်ဒီတာ မဟုတ်လား၊ သိတယ် . . . သိတယ်"

အမျိုးသမီးက နှုတ်ခမ်းများကို တင်းတင်းစေ့ကာ ခေါင်းတဆတ်ဆတ် ညိတ်၍ နေသည် ။

"အဲဒီ အယ်ဒီတာ ဖရန့်လော့က ဘာဖြစ်လို့ လဲ"

မေဆင်က မေးလိုက်သည် ။

"သူက သိသွားတယ်ရှင့်"

"ဒါဖြင့် သူ့စာစောင်ထဲ ထည့်လိမ့်မယ်ပေါ့၊ ဟုတ်လား"

အမျိုးသမီးက ခေါင်းညိတ်ပြသည် ။ မေဆင်က စာရွက်ဖိ ဖန်တီးက လေးကို ဆွဲယူ၍ လက်ဖြင့် ဖျစ်ညှစ် နေလိုက်သည် ။ ထို့နောက် လှမ်း မေးလိုက်သည် ။

"ခင်ဗျား သူ့ကို ငွေနဲ့ ပေါက်ပြီး နှုတ်ပိတ်နိုင်သားပဲ၊ မလုပ်ဘူးလား"

"အဲသလိုတော့ မလုပ်ဘူး၊ ရှေ့နေကြီးကိုပဲ အားကိုးပါတယ်"

"ဟာရီဆင်ဘတ်ကကော မတတ်နိုင်ဘူးလား"

"ရှေ့နေကြီး စဉ်းစားကြည့်ပေါ့ရှင်၊ ဟာရီဆင်ဘတ် ဆိုတဲ့ ဩဇာကြီးတဲ့ နိုင်ငံရေးသမား တစ်ယောက်ဟာ လင်ရှိမယား တစ်ယောက်နဲ့ ဘိဝု ဟိုတယ် သွားခဲ့တယ်ဆိုတဲ့ ကိစ္စကို ငွေပေးပြီး နှုတ်ပိတ်ရပ်ပါ့ မလား၊ ဒီကိစ္စမှာ ဟာရီဆင်ဘတ်က လုံးဝ လက်ရှောင်နေမှ ဖြစ်မယ်၊ နို့မို့ရင် ထောင်ချောက်ထဲ ဝင်မိသလို ဖြစ်သွားမှာ ပေါ့"

ပယ်ရီမေဆင်က စားပွဲထိပ်ကို လက်ချောင်းကလေးများ ဖြင့် ခေါက်

နေပြီး စဉ်းစားနေရာမှ ပြောလိုက်သည် ။

"ဒီတော့ ကျုပ်က ကြားလူ အနေနဲ့ ဝင်ညှိပေးရမှာ ပေါ့ ဟုတ်စ"

"မှန်ပါတယ်ရှင့်"

"ခင်ဗျား အများ ဆုံး ဘယ်လောက်ပေးမယ် မှန်းထားသလဲ"

အမျိုးသမီးက ယခုမှ စိတ်ဝင်တစား ဖြစ်လာဟန်ဖြင့် ရှေ့သို့ ကိုင်းညွတ်ကာ စကားသွက်သွက်ဖြင့် ပြောကြားသည် ။

"ဒီလိုရှိတယ်ရှင့်၊ ကျွန်မပြောဖို့ ကျန်တာ တစ်ခုရှိသေးတယ်၊ ဒါပေမဲ့ ဒီကိစ္စကို ကျွန်မ ဘယ်လို သိထားသလဲ ဆိုတာတော့ မမေးပါနဲ့ ၊ ကျွန်မ ပြောချင်တာက ဖရန့်လော့နဲ့ တင် ဒီကိစ္စက မပြီးနိုင်သေးဘူး ဆိုတာပဲ၊ သူ့အထက်က ဆရာကြီးတစ်ယောက် ရှိသေးတယ်၊ ဖရန့်လော့ ဆိုတာ က အတွင်းရေး သတင်းစုံ စာစောင်ကို ပိုင်ရှင်အဖြစ် အမည်ခံထားရတဲ့ လူ၊ ဒီစာစောင်မျိုးက ရှေ့နေကြီး သိတဲ့ အတိုင်း သူတစ်ပါး အတွင်းရေး တွေ လိုက်စုံစမ်းပြီး ငွေညှစ်နေတဲ့ စာစောင်မျိုး မဟုတ်လား၊ ဒီတော့ ဖ ရန့်လော့ကို ရုပ်ပြအနေနဲ့ တင်ထားပြီး နောက်က တကယ် ကြိုးကိုင်နေ တဲ့ လူ ရှိနေတယ်၊ သူကမှ စာစောင်ကို တကယ်ပိုင်တာ၊ သူတို့ မှာ ရှေ့ နေကောင်းကောင်း အငှားထားတာလည်း ရှိတယ်၊ အဲဒီရှေ့နေက ငွေညှ စ်မှု၊ အသရေဖျက်မှုတွေနဲ့ စာစောင်ကို တရားစွဲ မခံရအောင် အကြံပေး ရတယ်၊ တကယ်လို့ ရှေ့နေလည်း မတတ်နိုင်ဘဲ လွတ်သွားလို့ စာစောင် ကို အရေးယူခံရရင် ဖရန့်လော့က တာဝန်ခံအနေနဲ့ တရားစွဲခံဖို့ နာမည် ခံထားရတယ်"

အမျိုးသမီးက ခေတ္တ ရပ်နားနေရာ ပယ်ရီမေဆင်က "ဆက်ပြောပါ၊ နားထောင်နေပါတယ်"ဟု ထောက်ပေးလိုက်သည် ။ အမျိုးသမီးက နှုတ်ခမ်းကို ကိုက်၍ စဉ်းစားပြီးနောက် ခပ်သွက်သွက်ပင် ဆက်ပြောသ

ည် ။

"အဲဒီအုပ်စုက ဟာရီဆင်ကို ဘိဝုဟိုတယ်မှာ တွေ့သွားကြတယ်၊ ဟာရီဆင်နဲ့ တွဲလာတဲ့ အမျိုးသမီး ဘယ်သူ ဆိုတာတော့ သိမသွားကြဘူး၊ ဒါပေမဲ့ ဟာရီဆင် အဲဒီမှာ ရှိခဲ့တဲ့ အကြောင်းကိုတော့ စာစောင်မှာ ထည့်ကြမှာ ပဲ၊ ရဲအဖွဲ့က ဟာရီဆင်ကို သက်သေအဖြစ် စစ်ဆေးသင့်တယ်လို့ လည်း စာစောင်က တွန်းလိမ့်ဦးမယ်၊ ဟိုတယ်မှာ ဖြစ်ခဲ့တဲ့ သေနတ် ပစ်မှုကလည်း အတော်ကလေး ထူးဆန်းနေတယ်၊ အနုကြမ်း ဝင်စီးတဲ့ လူဟာ တမင် ထောင်ချောက်ဆင်ခံရတဲ့ သဘော ဖြစ်နေတယ်၊ သူ့ကို တစ်ယောက်ယောက်က ဟိုတယ်မှာ ဝင်လုအောင် ဖန်တီး အကွက်ဆင်ပေးပြီး တကယ်ဝင်လုဖို့ ကြိုးစားတော့ ပစ်သတ်လိုက်တာပဲ၊ နှုတ်ပိတ်လိုက်တဲ့ သဘောမျိုးပေါ့ရှင်၊ ရဲအဖွဲ့နဲ့ ခရိုင်ဥပဒေ အကျိုးဆောင်ကြီးတို့ ကတော့ အဲဒီအချိန်မှာ အဲဒီ နေရာမှာ ရှိနေတဲ့ လူအားလုံးကို အသေးစိတ် စစ်ဆေးတော့မှာ ပဲ"

"အစစ်ခံရမဲ့အထဲ ခင်ဗျားတို့ တော့ မပါဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မတို့ ကိုတော့ ချန်ထားပါလိမ့်မယ်၊ ကျွန်မ အဲဒီမှာ ရှိနေခဲ့တာ ဘယ်သူမှ မသိဘူး၊ ဟာရီဆင်ကတော့ ထင်ရှားတဲ့ နိုင်ငံရေးသမား တစ်ယောက်ဆိုတော့ ရဲအရှိက သိတယ်"

"အဲဒီတော့"

"စဉ်းစားကြည့်ပေါ့ရှင်၊ တကယ်လို့ ဟိုစာစောင်က ဟာရီဆင်ဟာ ဟိုတယ်မှာ ပစ်ခတ်မှုဖြစ်တုန်း ရှိနေခဲ့တဲ့ အကြောင်း၊ စစ်ဆေးခံရတဲ့ လူစာရင်းကျတော့ ဟာရီဆင် မပါတဲ့ အကြောင်း၊ ဟာရီဆင်နဲ့ အတူ အမည်မသိ အမျိုးသမီး တစ်ယောက်လည်း ပါတဲ့ အကြောင်း အဲသလို ထုတ်ဖော် ရေးသားလိုက်ရင် ရဲအဖွဲ့ ကလည်း မနေသာတော့ဘဲ ဟာရီ

ဆင်ကို စစ်ဆေးရတော့မယ်၊ ဒီလို ဖြစ်လာရင် အခြေအနေတွေ ပိုရှုပ်ကုန်တော့ မှာ ပဲ"

ပယ်ရီမေဆင်က စားပွဲကို လက်ချောင်းကလေးများ ဖြင့် တီးခေါက်လျက် အတန်ကြာ စဉ်းစားနေပြီးမှ မေးလိုက်သည်။

"ခင်ဗျားကို တစ်ခု မေးချင်တာက ခင်ဗျား ရည်ရွယ်ချက်က ဘယ်လိုလဲ၊ ဟာရီဆင်ဘတ်ရဲ့ နိုင်ငံရေး တက်လမ်းအတွက် မထိခိုက်အောင် ကာကွယ်ပေးချင်တာလား"

"အို . . . မဟုတ်ပါဘူးရှင်၊ ကျွန်မကိုယ် ကျွန်မ ကာကွယ်ဖို့ ရည်ရွယ်တာပါ"

ပယ်ရီမေဆင်က စားပွဲကို လက်ချောင်းကလေးများ ဖြင့် အတန်ကြာအောင် ခေါက်နေပြန်သည် ။ ထို့နောက် အမျိုးသမီးကို အကဲစမ်းကြည့်လျက် ပြောလိုက်သည်။

"ငွေတော့ လိုက်ရလိမ့်မယ်နော်"

"ကျွန်မ ပြင်ဆင်လာခဲ့ပါတယ်ရှင်" ဟု ဆိုကာ အမျိုးသမီးက လက်ကိုင်အိတ် ဖွင့်၍ ငွေစက္ကူများ ထုတ်ကာ ရေတွက်ပြီး စားပွဲစွန်းတွင် ထင်ထားလိုက်သည်။

"ဒါက ဘာအတွက်လဲ"

"ရှေ့နေကြီးအတွက် ဆောင်ရွက်ခ ကြိုတင် ပေးတာပါ၊ ဒီကိစ္စ ပြေလည်သွားအောင် လုပ်ဖို့ ဘယ်လောက် ပေးရမယ် ဆိုတာ သိရပြီဆိုရင် ကျွန်မနဲ့ ထပ်ဆက်သွယ်တာပေါ့"

"ခင်ဗျားနဲ့ ဘယ်လို အဆက်အသွယ် လုပ်ရမလဲ"

"အိပ်ဇင်မိုင်နာ သတင်းစာထဲမှာ ကြော်ငြာတစ်ခု ထည့်လိုက်ပါ၊ 'ညှိနှိုင်းလို့ ပြီးပြီ၊ အဆုံးသတ်ဖို့ အသင့်' လို့ ထည့်ပါ၊ အောက်က ရှေ့နေကြီးရဲ့ နာမည် အတိုကောက် ထည့်လိုက်ပါ၊ ကျွန်မ ရှင့်ရုံးခန်းကို လာခဲ့ပါမယ်"

"ကျုပ်တော့ မကြိုက်ဘူးဗျာ၊ ငွေညှစ်တဲ့ အမှုမှာ ဘယ်တော့မှ ငွေပေးတာ မကြိုက်ဘူး၊ ဒီပြင်နည်းနဲ့ ရှင်းချင်တယ်"

"တခြား ဘယ်နည်း ရှိဦးမှာ လဲရှင်"

မေဆင်က ပခုံးသာ တွန့်ပြလိုက်သည်။

"ခုတော့ မသိသေးဘူးလေ၊ တစ်နည်းနည်းတော့ ရှာကြံရမှာ ပေါ့"

အီဗာက မျှော်လင့်ချက် ရှိလာဟန်ဖြင့် ပြောသည်။

"တစ်ခုတော့ ရှိတယ်ရှင့်၊ ဖရန့်လော့ ဆိုတဲ့ လူဟာ နောက်ကြောင်း မရှင်းတာ တစ်ခုရှိတယ်၊ အဲဒီကိစ္စ အတွက် သူ ကြောက်ရွံ့နေတယ်၊ ဘာလဲဆိုတော့ ကျွန်မ အတိအကျ မသိဘူး၊ ကျွန်မ ထင်တာကတော့ ဖရန့်လော့ဟာ ထောင်ကျဖူးသလား၊ တခြား အလားတူ ပြဿနာမျိုး ကြုံဖူးသလားပဲ"

ပယ်ရီမေဆင်က သူမကို အသေအချာ အကဲခတ်လျက် ပြောလိုက်သည်။

"ခင်ဗျားက သူ့အကြောင်း သိပ်သိနေပါလား"

အမျိုးသမီးက ခေါင်းခါ၍ ပြောသည်။

"အဲဒီလူကို ကျွန်မတစ်သက်မှာ တစ်ခါမှ မတွေ့ခဲ့ဖူးတာ အမှန်ပါရှင်"

"ဒါဖြင့် ဒီလူအကြောင်းကို ခင်ဗျား ဘာကြောင့် ဒီလောက် သိနေရတာလဲ"

"ကျွန်မ ပြောထားပြီးပါပကော၊ ဘာကြောင့် ဆိုတာတော့ မမေးပါနဲ့လို့ "

ပယ်ရီမေဆင်က စားပွဲကို လက်ချောင်းထိပ် ကလေးများ ဖြင့် တီးခေါက်နေပြန်သည်။

"ထားပါတော့လေ၊ ဒီလိုဆို ကျူပ်ဟာ ဟာရီဆင်ဘတ်ကို ကိုယ်စားပြု ဆောင်ရွက်ပေးပါတယ်လို့ ကော ပြောနိုင်မလား"

"ဟင့်အင်း . . . ဘယ်သူ့ကို ကိုယ်စားပြု ဆောင်ရွက်ပေးတယ် ဆိုတာ ပြောလို့ တော့ မဖြစ်ဘူး၊ တခြား ကြိုက်တဲ့ နာမည်တစ်ခုခု သုံးနိုင်ပါတယ်၊ ဘယ်လို လုပ်ရတယ် ဆိုတာ ရှေ့နေကြီး သိပါတယ်လေ"

"ကိုင်း . . . ဒါဖြင့် လုပ်ငန်း ဘယ်တော့ စစေချင်သလဲ"

"စဆို . . . အခုပဲ စရင် ကောင်းမယ်"

ပယ်ရီမေဆင်က သူ၏ စားပွဲဘေး တစ်ဖက်ရှိ ခလုတ်ငယ် တစ်ခုကို နှိပ်လိုက်သည်။ စက္ကန့်ပိုင်းအတွင်း အပြင်ရုံးခန်းမှ တံခါးပွင့်လာကာ မှတ်စု စာအုပ်ကို ကိုင်လျက် ဒယ်လာစထရိ ဝင်လာသည်။

အမျိုးသမီးက ကုလားထိုင်တွင် ကျောမှီချလိုက်ပြီး မသိလိုက် မသိဘာသာ နေပုံမျိုးဖြင့် နေလိုက်သည်။ အစေခံများ ရှေ့တွင် လုပ်ငန်းကိစ္စ စကားမပြောလိုသည့် ဟန်မျိုး ဖြစ်သည်။

"ဘာအလိုရှိပါသလဲ ဆရာ" ဒယ်လာစထရိက မေးလိုက်စဉ် ပယ်ရီမေဆင်က သူ၏ စားပွဲမှ အပေါ်ဆုံး လက်ယာဘက် အံဆွဲကို ဆွဲဖွင့်ကာ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

"ဒီစာရိုက်ထားတာ အားလုံးကောင်းတယ်၊ ဒါပေမဲ့ ဆရာ ထပ်ပြီး ထည့်ချင်တာလေး တစ်ကြောင်း နှစ်ကြောင်း ကျန်နေတယ်၊ ဒီမှာ ဆရာ ဖြည့်ရေးပေးခဲ့မယ်၊ ဒယ်လာ အားလုံးသာ ပြန်ရိုက်လိုက်ပါ၊ အခု အရေးကြီး ကိစ္စတစ်ခုနဲ့ ဆရာ အပြင် သွားစရာ ရှိတယ်၊ တစ်နေ့လုံး ပြန်မလာတော့ဘူး၊ ဘယ်အချိန် ပြန်ရောက်မယ် မသိသေးဘူး"

"ဆရာ့ကို ဆက်သွယ်စရာ ရှိရင်ကော"

"နေပါစေ၊ ကိစ္စရှိရင် ဆရာကပဲ လှမ်းဆက်မယ်"

ထို့နောက် ပယ်ရီမေဆင်က စာရွက်ကို မာဂျင်နေရာမှ ခေါက်လိုက်ကာ ဘေးဘက်၌ ကလောင်တံဖြင့် စာရေးရန် ပြင်သည် ။ ဒယ်လာမှာ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးမှ သဘောပေါက် သွားဟန်ဖြင့် ပယ်ရီမေဆင်၏ ဘေးနားဆီသို့ တိုးသွားကာ စာရွက်ကို လှမ်းကြည့်နေသည် ။

ပယ်ရီမေဆင်က စာတစ်ကြောင်း နှစ်ကြောင်း ရေးချလိုက်သည် ။ ‘ အပြင်ရုံးခန်းကနေ ပေါလ်ဒရိတ် ဆီကို ဖုန်းဆက်၊ ဒီအမျိုးသမီးကို ပိပိရိရိ နောက်ယောင်ခံလိုက်ခိုင်း၊ အရေးကြီးတယ်’

ထို့နောက် မင်နှိပ်စက္ကူဖြင့် လိုမ့်လိုက်ပြီး ဒယ်လာကို ကမ်းပေးလိုက်သည် ။ ဒယ်လာက ချက်ချင်း သဘောပေါက်သွားသည် ။ ပေါလ်ဒရိတ်မှာ ပယ်ရီမေဆင်၏ ရုံးခန်းနှင့် အဆောက်အအုံ တစ်ခုတည်း အထပ် တစ်ထပ်တည်း၌ စုံစမ်းထောက်လှမ်းရေး အေဂျင်စီတစ်ခု ဖွင့်လှစ်ထားသော အလွတ်စုံထောက် ဖြစ်သည် ။ မေဆင်နှင့် အတူ တွဲဖက် လုပ်ကိုင်နေကျ လက်စွဲတော်တစ်ဦးပင်။

"ခု ချက်ချင်းပဲ ရိုက်ပြီး ယူခဲ့ကွယ်၊ ဆရာ အပြင်မသွားခင် လက်မှတ် ထိုးသွားရအောင်"

"ကောင်းပါပြီဆရာ"

ဒယ်လာ ထွက်သွားချိန်တွင် ပယ်ရီမေဆင်က အမျိုးသမီးဘက် လှည့်ကာ စကားဆက်သည်။

"ခင်ဗျားကိစ္စက ဘယ်လောက် အတိုင်းအတာအထိ အမြင့်ဆုံး လုပ်ပေးဖို့ လိုတယ်ဆိုတာ ကျုပ်ကို ပြောထားခဲ့ဦး"

"ရှေ့နေကြီး ကောင်းမယ်ထင်သလို လုပ်ပါ၊ ကျွန်မ လွှဲထားပြီပဲ"

"မဟုတ်သေးဘူးလေ၊ ကျုပ်က ငွေညှစ်တဲ့ လူကို ဘယ်တော့မှ ငွေမပေးဘူးဗျ"

"ကျွန်မ နားလည်ပါတယ် ရှင်၊ ဒါပေမဲ့ ဒီကိစ္စမှာ တော့ . . ."

"ဒီအတွင်းရေး သတင်းစုံ စာစောင်လုပ်နေတဲ့ လူတွေက အခြေအနေကို တွက်ပြီး လုပ်ကြတာနော်၊ ဘယ်လောက် တောင်းမယ်ဆိုတာ မမှန်းနိုင်ဘူး၊ တော်ရုံတန်ရုံ ဆိုရင်တော့ မြန်မြန် ပြတ်နိုင်ပါလိမ့်မယ်"

"ကျွန်ကလည်း မြန်မြန် ပြီးသွားစေချင်ပါတယ်"

"ကောင်းပြီ၊ ဒီတော့ လိုရင်းပြောကြရအောင်၊ ခင်ဗျား ဘယ်လောက်ပေးမယ် မှန်းထားသလဲ"

"ဒေါ်လာ ငါးထောင်လောက်တော့ ဖြစ်နိုင်ပါလိမ့်မယ်"

"ဒီလိုရှိတယ်၊ ဟာရီဆင်ဘတ် ဆိုတဲ့ ခင်ဗျားမိတ်ဆွေက နိုင်ငံရေးလုပ်နေတာနော်၊ နိုင်ငံရေး တက်လမ်းအတွက်က ပရိသတ်ထဲမှာ နာမည်မပျက်ဖို့ သိပ်အရေးကြီးတယ် မဟုတ်လား"

"ရှေ့နေကြီးက ဘယ်လို တွေးမိလို့ လဲ"

"ကျုပ် တွေးမိတာကတော့ ဟာရီဆင်ဘတ်နဲ့ ပတ်သက်တဲ့ ကိစ္စမှာ

ငွေငါးထောင်လောက်ကို သူတို့ က ခြင်းထဲက စက္ကူစုတ်လောက်တောင် သဘောထားမှာ မဟုတ်ဘူး "

"ဒီလိုဆိုရင်လည်း ကျွန်မ ကိုးထောင် တစ်သောင်းအထိ မြှင့်ပေးမယ်ရှင်၊ အဲဒါက လက်ကုန်ပဲ"

"ကောင်းပြီ၊ ဒါ လက်ကုန်ပဲနော်"

ပယ်ရီမေဆင်က မေးလိုက်ရာ အမျိုးသမီးက အောက်နှုတ်ခမ်းကို ကိုက်လျက် ငြိမ်နေသည် ။

"တကယ်လို့ တစ်ခုခု ထူးခြားရင် ခင်ဗျားပြောသလို သတင်းစာထဲ ကြော်ငြာ ထည့်တာ မစောင့်နိုင်ဘဲ ဆက်သွယ်ဖို့ လိုကောင်း လိုလိမ့်မယ် ၊ ဘယ်မှာ ဆက်သွယ်လို့ ရမလဲ"

သူမက ခေါင်းကို သွက်သွက်ယမ်းလျက် ပြန်ဖြေသည် ။

"မလုပ်ပါနဲ့ ၊ ဒါတစ်ခုတော့ နားလည်မှု ထားပါရှင်၊ ကျွန်မ လိပ်စာ ပေးထားတဲ့ ဆီလည်း မဆက်ပါနဲ့ ၊ ကျွန်မခင်ပွန်း ဘယ်သူဆိုတာလည်း မစုံစမ်းပါနဲ့ "

"ခင်ဗျားက အခု ခင်ပွန်းနဲ့ အတူ နေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ နို့မို့ရင် ကျွန်မ ဘယ်က ပိုက်ဆံရပ့ါမလဲ"

ထိုစဉ် အပြင်ရုံးခန်းဆီမှ တံခါးခေါက်သံ ကြားရပြီး ဒယ်လာစထရိက ကိုယ်တစ်ခြမ်းသာ ဝင်ကာ လှမ်းပြောသည် ။

"စာရိုက်ပြီးပါပြီ ဆရာ၊ လက်မှတ်ထိုးဖို့ အသင့်ပါပဲ"

ပယ်ရီမေဆင်က ထိုင်ရာမှ ထလိုက်ကာ အမျိုးသမီးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည် ။

"ကိုင်း . . . မစ္စက်ဂရစ်ဖင်၊ ကျုပ် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ်၊ ဟုတ်ပြီလား"

အမျိုးသမီးကလည်း ထိုင်ရာမှ ထလိုက်ပြီး တံခါးဆီသို့ ခြေလှမ်းပြင်သည် ။ ထို့နောက် ခေတ္တဆိုင်းပြီး စားပွဲပေါ်ရှိ စက္ကူများကို လှမ်းကြည့်သည် ။

"ငွေပေးတဲ့ အတွက် လက်ခံ ပြေစာကလေးများ ရနိုင်မလား"

"အို . . . လိုချင်ရင် ရပါတယ်"

"ရရင် ကောင်းမလားလို့ "

"ရပါတယ်၊ အီဗာဂရစ်ဖင်ထံမှ ငွေ ဘယ်ရွေ့ဘယ်မျှ လက်ခံရရှိပါတယ် ဆိုပြီး ပယ်ရီမေဆင်လို့ လက်မှတ် ထိုးပေးလိုက်မယ်၊ အဲသလိုဆိုရင် ဖြစ်မလား"

အမျိုးသမီးက မျက်ခုံးပင့်လျက် ပြန်ပြောသည် ။

"အဲသလိုတော့ မဖြစ်ပါဘူးရှင်၊ ငွေပြေစာ ကိုင်ဆောင်ထားသူက ရှေ့နေပယ်ရီမေဆင်ကို ဆောင်ရွက်ခငွေ ဘယ်ရွေ့ဘယ်မျှ ပေးပြီးကြောင်း ဖော်ပြပေးစေချင်ပါတယ်"

ပယ်ရီမေဆင်က မျက်မှောင်ကြုတ်လိုက်ကာ ငွေစက္ကူများကို လှမ်းယူ၍ ဒယ်လာကို ပေးလိုက်ပြီး. . .

"ကိုင်း . . . ဒယ်လာရေ၊ ဒီငွေ ယူသိမ်းထား၊ မစ္စက်ဂရစ်ဖင်ကို လယ်ဂျာစာရွက် ပေးလိုက်ပါ၊ တို့ ရဲ့ လယ်ဂျာစာရွက် စာမျက်နှာနံပါတ်ဘယ်လောက်မှာ စာရင်းသွင်းထားတဲ့ ငွေ ဒေါ်လာငါးရာကို ဆောင်ရွက်ခအဖြစ် ပေးပြီးကြောင်း ရေးပေးလိုက်ပါ"

"အကျိုးဆောင်ခ စုစုပေါင်း ဘယ်လောက် ပေးရမလဲ ဆိုတာ အခု သိနိုင်မလားရှင်" ဟု အမျိုးသမီးက မေးသည်။

"ဒါကတော့ အကျိုးဆောင် ပေးရတဲ့ အတိုင်းအတာပေါ်မှာ တည်ပါတယ်၊ များ တော့ များ မယ်၊ သို့သော်လည်း မျှမျှတတ ဖြစ်ရပါစေ့မယ်၊ ပြီးတော့ ထွက်ပေါ်လာမဲ့ ရလဒ်ပေါ်မှာ လည်း တည်ပါတယ်"

အမျိုးသမီးက ဦးခေါင်းညိတ်လျက် ခေတ္တမျှ ဆိုင်းငံ့နေပြီးမှ ပြောသည်။

"ဒါဖြင့် ကျွန်မကိစ္စ ပြီးပြီ ထင်ပါတယ်နော်"

"ကျုပ်ရဲ့ အတွင်းရေးမှူးက ပြောစာ ပေးပါလိမ့်ဦးမယ်"

"ကောင်းပါပြီရှင်၊ ကျွန်မ သွားပါဦးမယ်၊ မင်္ဂလာနေ့ပါ"

"မင်္ဂလာနေ့ပါ"

အပြင်ရုံးခန်းသို့ အထွက် တံခါးဝ၌ အမျိုးသမီးက ခေတ္တရပ်ပြီး လှည့်ကြည့်သည်။ ပယ်ရီမေဆင်သည် သူမကို ကျောပေးလျက် ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ပြတင်းတံခါးမှ အပြင်သို့ ကြည့်နေသည် ကို တွေ့ရသည်။

"ဒီက ထွက်ရပါတယ်ရှင် . . . ကျေးဇူးပြုပြီး" ဟု ဒယ်လာက ပြောကာ သူမကို ထွက်စေပြီး တံခါး ပိတ်လိုက်သည်။

ပယ်ရီမေဆင်သည် ထိုအတိုင်း စုံရပ်လျက် လမ်းပေါ်သို့ လှမ်းကြည့်နေကာ ငါးမိနစ်ခန့် နေနေသည်။ မကြာမီ တံခါးဖွင့်လျက် ဒယ်လာစထရိ ပြန်ဝင်လာသည်။

"အမျိုးသမီးတော့ ပြန်သွားပြီ ဆရာ"

ပယ်ရီမေဆင်က ပြန်လှည့်လိုက်ပြီး ဒယ်လာကို မေးသည်။

"နေပါဦး ဒယ်လာ၊ အမျိုးသမီးဟာ မူမမှန်ဘူးလို့ ဒယ်လာ ဘာကြောင့် တွေးမိသလဲ"

ဒယ်လာက သူ့ကို ငေးကြည့်ပြီး သံမှန်ဖြင့် ပြန်ဖြေသည်။

"ဘာရယ်တော့ မဟုတ်ပါဘူး ဆရာ၊ ဒုက္ခပေးမဲ့ အစားထဲက ဆိုတာ ကျွန်မ အလိုလို သိနေသလိုပဲ"

"အင်းလေ . . . ဆရာ့အတွက်တော့ ခုလောလောဆယ် ဒေါ်လာငါးရာ ရလိုက်တာပဲ၊ ကိစ္စပြီးသွားရင် နောက်ထပ် ထောင့်ငါးရာလောက် ထပ်ရဦးမှာ ပေါ့"

ဒယ်လာက စိတ်လှုပ်ရှားသော အသံဖြင့် ပြောပြန်သည်။

"ဘာပဲဖြစ်ဖြစ်ပါ ဆရာ၊ ဒီမိန်းမဟာ မူမမှန်ဘူး၊ ကောက်ကျစ် စဉ်းလဲပုံလည်း ရတယ်၊ သူတို့လို ဟာမျိုးတွေက ပေါ်ကြော့ နေတတ် ထိုင်တတ်တဲ့ ပုံလွှားမတွေလိုပဲ၊ သူတို့ ကို ဘယ်သူကမဆို အရေးတယူ ဖြစ်အောင် လုပ်ချင်တတ်ကြတယ်"

"နေဦးလေ၊ ဒီအမျိုးသမီးဟာ ဆရာတို့ ကို ငွေငါးရာ ပေးသွားတဲ့ အမှုသည် ဆိုတာလည်း သတိထား ပါဦး"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မ ပြောချင်တာက ဒီမိန်းမ မူမမှန်တာကို ပြောချင်တာပါ၊ အခု ဆရာ့ကို မြှုပ်ကွက်တွေနဲ့ ထားခဲ့တယ် မဟုတ်လား၊ သူက ပွင့်ပွင့်လင်းလင်း ရှိရင် ဆရာ အလုပ်လုပ်ရတာ ဘယ်လောက် လွယ်မလဲ"

"အေးလေ . . . ဒါကတော့ ဆရာ အချိန်ယူ လုပ်ဖို့ အလုပ် ပေးထားခဲ့ တာပဲပေါ့၊ အချိန်ဆိုတာ ဆရာ့ရဲ့ အရင်းအနှီးပဲ မဟုတ်လား"

"ဘယ်လိုပဲ ရှိရှိလေ၊ ဒီမိန်းမဟာ ကြောက်စရာ ကောင်းတာတော့ အမှန်ပဲ ဆရာ၊ ဆရာ့ကို ချောက်ပေါက် တိုးအောင် လုပ်မဲ့အစားထဲကပဲ"

"ဒီလိုပေါ့ကွယ်၊ ဆရာတို့ ရှေ့နေတွေ ဆိုတာ အမှုသည် တိုင်းက သစ္စာရှိလိမ့်မယ်လို့ မျှော်လင့်လို့ မရဘူး၊ သူတို့ တာဝန်က ငွေပေးပြီး ခိုင်းမယ်၊ ဆရာတို့ က အကျိုးဆောင် ပေးရမယ်၊ ဒါပဲ မဟုတ်လား"

"ဒါပေမဲ့ ဆရာကျတော့ ဆရာ့ အမှုသည် တွေ အပေါ် သစ္စာရှိလိုက်တာ လွန်ရော၊ အမှုသည် တွေက ဘယ်လောက်ဆိုးဆိုး ဆရာကတော့ သစ္စာရှိနေတာချည်းပဲ"

"ဒါက ဆရာ့တာဝန်ပဲလေ"

"ဆရာ့ အသက်မွေးဝမ်းကျောင်း တာဝန်ကို ပြောတာလား"

" မဟုတ်ဘူး ၊ ဆရာ့ရဲ့ တစ်ဦးချင်း ခံယူချက်၊ ဆရာဟာ အမှုသည် ဆီက အမှုကို လက်ခံပြီးရင် အမှုသည် အတွက် တိုက်ပွဲဝင်ဖို့ သန္နိဋ္ဌာန် ချထားလိုက်တာပဲ၊ အမှုသည် အများ စုကတော့ မမှန်မကန်တွေ များ တယ်၊ ဒါကြောင့် လည်း သူတို့ တစ်တွေ အမှုအခင်း ဖြစ်ကြတာပေါ့၊ အကြောင်းကြောင်းကြောင့် သူတို့ ဒုက္ခ တွေ့လာကြတယ်၊ ဘာ အကြောင်းကြောင့် ပဲဖြစ်ဖြစ် သူတို့ ကို ဒုက္ခထဲက ဆွဲထုတ်ပေးဖို့ ဆရာ့မှာ တာဝန်ရှိတယ်၊ ဆရာကတော့ အမှုသည် တွေကို အကောင်းဆုံး လုပ်ပေးသွားရမှာ ပဲ၊ အမှုသည် တွေဆီက အကောင်းဆုံး တုံ့ပြန် လိမ့်မယ်လို့ မျှော်လင့်နေလို့ မရဘူး"

"ဒါဖြင့် ဘယ်မျှတပါ့မလဲ ဆရာ"

"မမျှတချင် နေပါစေလေ၊ ဒါက အလုပ်သဘောပဲ"

ဒယ်လာက ပခုံးကိုသာ တွန့်လိုက်ပြီးတော့ စကားကို ပြောင်းလိုက်

သည် ။

"ဆရာ . . . စုံထောက် ပေါလ်ဒရိတ်ဆီကို လှမ်းပြောပြီးပါပြီ၊ ဟို အမျိုးသမီး ကျွန်မတို့ ဆီက ထွက်ထွက်ချင်း နောက်ယောင်ခံ လိုက်ပေး ပါလိမ့်မယ်"

"ပေါလ်ဒရိတ် ကိုယ်တိုင်နဲ့ တွေ့ရဲ့ လား"

"သူကိုယ်တိုင်နဲ့ ပြောရပါတယ်၊ စိတ်ချပါတဲ့ ဆရာ"

"ကောင်းပြီလေ၊ ကိုင်း. . . ဟိုငွေထဲက သုံးရာကို ဘဏ်စာရင်းထဲ သွင်းလိုက်ပေတော့၊ နှစ်ရာကိုတော့ ဆရာ့အိတ်ထဲ ဆောင်သွားဖို့ ပေး ထားပါ၊ ပေါလ်ဆီက သတင်းရရင် ဒီအမျိုးသမီး ဘယ်သူဆိုတာ ဆရာ တို့ သိရမှာ ပဲ"

ဒယ်လာက အပြင်ရုံးခန်းသို့ ထွက် လာပြီး ငွေနှစ်ရာယူ၍ ပြန်ဝင် လာကာ ပယ်ရီမေဆင်အား လှမ်းပေးသည် ။ ပယ်ရီမေဆင်က ပြုံး၍ ကြည့်ကာ "ဒယ်လာရေ . . . မင်းဟာ တော်တော့ တော်ပါရဲ့ ၊ ဒါပေမဲ့ အမျိုးသမီးတွေနဲ့ ပတ်သက်ရင် မင်းရဲ့ အတွေးအခေါ်တွေက တစ်ခါတ လေ ရယ်စရာ ကောင်းနေတယ်ကွဲ့" ဟု ပြောလိုက်သည် ။

ဒယ်လာက အပြတ်ပင် ထပ်ပြောသည် ။

"ကျွန်မတော့ ဒီမိန်းမကို မုန်းတယ် ဆရာ၊ အခန်းထဲ သူ ခြေလှမ်း ဝင်လာပုံက အစ မုန်းတာပဲ၊ အင်းလေ . . . မုန်းတယ် ဆိုတာထက် စိတ် ထဲ ထင့်သွားတယ်လို့ ဆိုရင် ပိုမှန်ပါလိမ့်မယ်"

ပယ်ရီမေဆင်က ခြေနှစ်ချောင်းကို ခွဲ၍ ရပ်ကာ ဘောင်းဘီအိတ်ထဲ လက်အစုံထည့်၍ ဒယ်လာကို ကြည့်နေပြီး မေးသည် ။

"ဘာကို မုန်းရတာလဲ ဒယ်လာ"

"အားလုံးပဲဆရာ၊ အားလုံးပဲ၊ ကြည့်လေ . . . ကျွန်မဆိုရင် ကျွန်မ ခံစားရရှိတဲ့ အရာအားလုံးအတွက် အလုပ်လုပ်ရတယ်၊ အလုပ်မလုပ်ဘဲ ခံစားရရှိတာ ဆိုလို့ ကျွန်မတစ်သက်မှာ ဘာတစ်ခုမှ မရှိခဲ့ဘူး၊ တစ်ခါတလေလည်း အလုပ်သာ လုပ်ရပြီး ဘာတစ်ခုမှ မရခဲ့တာတွေတောင် အများကြီး ရှိခဲ့ဖူးတယ်၊ ဒီမိန်းမဆိုရင် တစ်သက်လုံး အလုပ်ဆိုလို့ ဘာမှ လုပ်ဖူးဟန် မရှိဘူး၊ သူ ရရှိခံစားတဲ့ အရာတွေထက် ထားပါဦး၊ သူ့အတွက်တောင် သူ ဘာတစ်ခုမှ လုပ်ခဲ့ဖူးပုံ မရဘူး"

"ဒီအမျိုးသမီး ဝတ်ဆင်လာတာကို ကြည့်ပြီး ပြောနေတာလား ဒယ်လာ"

" မဟုတ်ဘူး ဆရာ၊ သူ ဝတ်ဆင်လာတာ အင်မတန် ကောင်းပါတယ်၊ ကျွန်မ သဘောကျပါတယ်၊ ဒေါ်လာ တစ်သန်းဖိုးလောက် ကိုယ်ပေါ် တင်လာသလား အောက်မေ့ရတယ်၊ ဒီအဝတ်တွေ ဝယ်ပေးရတဲ့ လူကတော့ အတော်ကို ထိသွားမှာ ပဲ၊ ကျွန်မ လောင်းရဲတယ် ဆရာ၊ အဲဒီ အဝတ်အစားတွေဟာ သူ့လုပ်အားနဲ့ ရတဲ့ ငွေကြေးနဲ့ ဝယ်တာ လုံးဝ မဟုတ်စေရဘူး၊ သူတစ်ပါးရဲ့ ကျေးဇူးနဲ့ ဝတ်နိုင်စားနိုင်တာ သေချာတယ် ၊ ဒီမိန်းဟာ ဒီလိုနဲ့ အင်မတန် ဝင့်ဝင့်ဝါဝါ ဖြစ်နေတယ်၊ ဒါပေမဲ့ မျက်နှာကလေးကျတော့ ကလေးမျက်နှာလေးလို၊ ဆရာ သတိထားမိတယ် မဟုတ်လား၊ ဆရာနဲ့ စကားပြောတဲ့ အခါ တစ်ချက်တစ်ချက် မျက်လုံးကလေး အဝိုင်းသားနဲ့ လုပ်ပြတာလေ၊ အဲဒါ . . . မှန်ရှေ့မှာ ထိုင်ပြီးကို ကလေး မျက်နှာပေး၊ ကလေး အကြည့်မျိုး တမင် လေ့ကျင့်ထားတာ ဆရာရေ့"

ပယ်ရီမေဆင်က ဒယ်လာအား စူးစိုက်ကြည့်ကာ ပြန်ပြောသည် ။

"အင်း . . . အမှုသည် တိုင်းဟာ ဒယ်လာ့လို သစ္စာရှိရှိ ဖြူဖြူစင်စင်ချ

ည်း ဆိုရင် ဥပဒေ အလုပ်ဆိုတာတောင် ဘယ်ရှိပါတော့မလဲကွယ်၊ ဒီတော့ ဒါတွေ တွေးမနေနဲ့ တော့၊ ဒယ်လာရဲ့ အလုပ်က အမှုသည် လာရင် လက်ခံဖို့ ပဲ မဟုတ်လား၊ ဒယ်လာက သူတို့ နဲ့ မတူဘူးလေ၊ မင်းရဲ့ မိဘတွေက ချမ်းသာခဲ့တယ်၊ နောက်တော့ စီးပွားတွေ ဆုံးရှုံးခဲ့ရတယ်၊ ဒီတော့ ဒယ်လာလည်း အလုပ် ဝင်လုပ်နေရတယ်၊ တချို့ မိန်းမတွေ အတော်များများက အဲသလို မဟုတ်ကြဘူးကွဲ့"

"ဒါဖြင့် . . . သူတို့ က ဘာလုပ်ကြသလဲ ဆရာ၊ ဘာအလုပ်ကိုများ လုပ်နိုင်ကြသလဲ"

"သူတို့ လား . . .သူတို့ လုပ်တာက ယောကျ်ား ယူတာပေ့ါကွဲ့၊ ပြီးတော့မှ တခြားယောကျ်ား တချို့နဲ့ ဘိုဝုဟိုတယ် သွားချင်သွားမယ်၊ လူမိမယ်၊ ပြဿနာဖြစ်မှာ ကြောက်တော့ ရှေ့နေငှားမယ်"

"အို . . . ဆရာကလည်း . . . အကောင်းပြောနေတယ် မှတ်တာ" ဟု ဆိုကာ ဒယ်လာက အပြင်ရုံးခန်းသို့ ပြန်ထွက်သွားသည် ။

ပယ်ရီမေဆင်က နောက်မှ လိုက်သွားပြီး တံခါးဝ၌ ရပ်ကြည့်နေသည် ။ ဒယ်လာသည် လက်နှိပ်စက်တွင် စက္ကူထည့်ကာ အလုပ်လုပ်ရန် ပြင်နေသည် ။ ထိုစဉ် အပြင်တံခါး ပွင့် လာပြီး အရပ်ရှည်ရှည် လက်ပြင်ကိုင်းကိုင်း ဦးခေါင်း ရှေ့ငိုက်စိုက်နှင့် လူတစ်ယောက် ဝင်လာသည် ။ ထိုသူက ဒယ်လာကို မျက်လုံးပြူးပြ၍ တရင်းတနှီး ပြုံးနှုတ်ဆက်ကာ မေဆင်ဘက်သို့ လှည့်လိုက်သည် ။ ထိုသူမှာ ပယ်ရီမေဆင်၏ လက်ရုံးတစ်ဆူ ဖြစ်သော အလွတ်စုံထောက် ပေါလ်ဒရိတ် ဖြစ်သည် ။

"လာဟေ့ . . . ပေါလ်၊ အောင်မြင်ခဲ့တယ် မဟုတ်လား"

"ကျွန်တော် ဆုတ်ပြန်ခဲ့ရတာဗျ"

ပယ်ရီမေဆင်က အတွင်းရုံးခန်းထဲသို့ ခေါ်သွင်းခဲ့ရာ ပေါလ်ဒရိတ်သည် မကြာသေးမီက အမှုသည် အမျိုးသမီး ထိုင်သွားသော ကုလားထိုင်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်လဲ ပြောကွာ" ဟု မေဆင်က မေးလိုက်သည်။

"တော်တော်လျင်တဲ့ အမျိုးသမီးဗျာ"

"ဘာဖြစ်လို့ လဲ၊ မင်း နောက်ယောက်ခံ လိုက်တာ သိသွားလို့ လား"

" မဟုတ်ဘူး ဗျ၊ သိတော့ မသိဘူး၊ ကျွန်တော်က ဓာတ်လှေကားနားမှာ ရပ်စောင့်နေတယ်၊ ခင်ဗျား ရုံးခန်းက အမျိုးသမီး ထွက်လာတာကို မြင်ရတယ်၊ သူက ခင်ဗျားရုံးခန်းထဲက တစ်ယောက်ယောက် လိုက်လာလေမလား ထင်ပြီး လှည့်ကြည့် လှည့်ကြည့်နဲ့ ၊ ကျွန်တော်က ဓာတ်လှေကားထဲ အရင် ဝင်နေလိုက်တယ်၊ အမျိုးသမီးပါ ဝင်လိုက်ပြီးတော့ မြေညီထပ်ကို ဆင်းသွားကြတယ်။ အောက်ရောက်တော့ သူက ထောင့်ဘက် အပေါက်က ထွက်သွားတယ်၊ ကျွန်တော်က အတော်လှမ်းလှမ်းက ခွာပြီး လိုက်တယ်၊ လမ်းကို ဖြတ်ကူးပြီး အမျိုးသမီးက ကုန်တိုက်တစ်ခုထဲ ဝင်သွားတယ်၊ ဘယ်သွားပြီး ဘယ်လာရမယ် ဆိုတာ ကြိုပြီး စဉ်းစားထားတဲ့ အတိုင်းပဲ၊ အမျိုးသမီးဟာ မိန်းမအိမ်သာခန်းတွေထဲ တန်းဝင်သွားတာပဲဗျို့၊ ဒါဟာ ခြေရာဖျောက်တာပဲလို့ ကျွန်တော် စဉ်းစားမိတာနဲ့ ကုန်တိုက်က အစောင့်တစ်ယောက်ကို မေးကြည့်တယ်၊ မိန်းမ အိမ်သာခန်းတွေဆီက တခြားဘက် ထွက်လမ်း ရှိသလားလို့ ၊ ရှိသတဲ့ ဗျာ၊ တခြား ထွက်ပေါက် သုံးခုတောင် ရှိသတဲ့ ၊ တစ်ပေါက်က အလှပြင်ဆိုင်ဘက်ကို သွားသတဲ့ ၊ တစ်ပေါက်က လက်သည်း ခြေသည်းညှပ်တဲ့ ဆိုင်ခန်းတဲ့ ၊ တစ်ပေါက်က လက်ဖက်ရည်ဆိုင်ခန်းတဲ့ "

"ဘယ်လမ်းက ထွက်သွားသလဲ"

"ထွက်နိုင်တဲ့ လမ်းကို စဉ်းစားပြီး ကျွန်တော်လိုက်တော့ ၁၅ စက္ကန့်လောက် နောက်ကျသွားပြီလေဗျာ၊ အလှပြင် ဆိုင်ခန်းဘက်က လစ်ထွက်သွားတာဗျ၊ မိန်းမအိမ်သာခန်းထဲ နောက်ယောင်ခံ မလိုက်နိုင်ဘူးဆိုတာ တွက်ပြီး လုပ်သွားတာ ပိုင်သဗျာ၊ အလှပြင်ဆိုင် ထွက်ပေါက်ဘက်က လမ်းမှာ ဒရိုင်ဘာ အသင့်ထိုင်ပြီး စောင့်နေတဲ့ ကားကြီးကို ထားခဲ့ပုံရတယ်၊ ကားက လင်ကွန်း အမျိုးအစား ကားကြီးဆိုတော့ သိလိုက်ရပါရဲ့ ၊ ကိုင်း . . . ဒီလောက်ဆို ခင်ဗျားအတွက် အထောက်အကူ ဖြစ်ရောပေါ့၊ ဘယ့်နှယ်လဲ"

"ဘာမှ အထောက်အကူ မဖြစ်ဘူး၊ အလကားပဲ"

"ကျုပ်လည်း ထင်သားပဲ"

ပေါလ်ဒရိတ်က စပ်ဖြီးဖြီးဖြင့် ပြော လိုက်လေသည် ။

***

# အခန်း(၂)

"အတွင်းရေး သတင်းစုံ" စာစောင်တိုက် ရုံးခန်းအတွင်း ဖြစ်သည်။

ဖရန့်လော့ ဆိုသူမှာ မဟော်ဂနီရောင် အသားအရေနှင့် သက္ကလတ်ဝတ်စုံ ဝတ်ဆင်ထားသည်။ အသားအရေ ကြမ်းကြမ်းတွင် ဆေးလိပ်သောက်လွန်း၍ ဆေးချေးတက်နေသလို ထင်ရသည်။ မျက်လုံးမှာ နို့ချောကလက်ရောင် ဖျော့တော့တော့ ရှိသည်။ မျက်လုံးသေကြီးနှင့် ဖြစ်သည်။ နှာခေါင်းကြီးသည်။ နှုတ်ခမ်းမှာ လျော့ရိလျော့ရဲ ရှိသည်။

"ကဲ . . . ပြောစရာရှိတာ ပြောလေဗျာ" ဟု ဖရန့်လော့က စကားစသည်။ ပယ်ရီမေဆင်က ခေါင်းယမ်း၍ ပြန်ပြောသည်။

"ခင်ဗျားနေရာမှာ ပြောလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်က နှစ်ကိုယ်ကြား ပြောချင်တာ"

"ဘယ်နေရာမှာ ပြောချင်လဲ"

"ကျုပ်ရုံးခန်းကို လိုက်ခဲ့လေဗျာ" ဟု ပယ်ရီမေဆင်က သွေးတိုးစမ်း၍ ပြောလိုက်သည်။

"သြော် . . . ခင်ဗျားပြောတော့ နှစ်ကိုယ်ကြားဆို" ဟု ဖရန့်လော့က ခြောက်ကပ်ကပ်ရယ်လျက် ပြန်ပြောသည်။

"ကောင်းပြီ၊ ဒီလိုဆို ခင်ဗျား ဦးထုပ်ယူ၊ အခုပဲ သွားကြမယ်၊ ကြားတစ်နေရာရာကို သွားကြရအောင်"

"ဘယ်နေရာလဲ" ဖရန့်လော့က သံသယ မျက်လုံးဖြင့် ကြည့်၍ မေးသည်။

"မစိုးရိမ်ပါနဲ့ ၊ ခင်ဗျား စိတ်ကြိုက်ရွေးတဲ့ ဟိုတယ်တစ်ခုခုမှာ သွားပြောကြတာပေ့ါ"

ဖရန့်လော့က တစ်မိနစ်ခန့် တုံ့ဆိုင်းနေပြီးမှ ပြောသည်။

"ဒါဖြင့် ခဏတော့စောင့်ဦး၊ လုပ်လက်စကိစ္စ စီစဉ်စရာ ရှိတာလေးတွေ စီစဉ်ခဲ့ရဦးမယ်" ဟု ဆိုကာ အပြင်ထွက်သွားသည်။

ပယ်ရီမေဆင်က ရုံးခန်းတွင်း၌ ငြိမ်သက်စွာ ထိုင်နေသည်။ တံခါးဖွင့်သွား၍ အပြင်ခန်းမှ လက်နှိပ်စက်သံများ၊ စကားပြောသံများ ကြားနေရသည်။ ပယ်ရီမေဆင်က ဆေးလိပ် ထုတ်သောက်လျက် အာရုံ ငြိမ်ငြိမ်ဖြင့် ထိုင်နေသည်။ ၁၀ မိနစ်ခန့် ကြာပြီးမှ ဖရန့်လော့ ပြန်ဝင်လာကာ ဦးထုပ်ဆောင်း၍ ထွက်ခွာကြရန် ပြင်ဆင်သည်။ နှစ်ယောက်သား အတူ ထွက်လာကြပြီး အငှားကား တစ်စီးကို လှမ်းခေါ်ကာ တက်လိုက်ကြသည်။

"မြို့လယ်ပိုင်းကို မောင်း" ဟု ပယ်ရီမေဆင်က ပြောလိုက်သည်။ ဖရန့်လော့က သူ့မျက်လုံးသေကြီး များ ဖြင့် လှမ်းကြည့်ပြီး "ကားထဲ ပြောသွားလည်း ရတယ် မဟုတ်လား" ဟု ပြောသည်။

အငှားကားမှာ ယာဉ်မောင်း၏ ရှေ့ခန်းနှင့် နောက်ခန်းကို မှန်အပြည့်ကာထား၍ ရှေ့ခန်းမှ မကြားနိုင်။ သို့ရာတွင် ပယ်ရီမေဆင်က ငြင်းလိုက်သည်။

"အော်ပြီး ပြောစရာမလိုတဲ့ အေးအေးဆေးဆေး နေရာမှာ ပြောချင်တယ်"

လော့က ပြုံးဖြီးဖြီးဖြင့် ကြည့်၍ ပြန်ပြောသည် ။

"အော်ပြီး ပြောတာ ဆိုတာ ကိုတော့ ကျုပ်က ကျင့်သားရနေပြီဗျာ"

ပယ်ရီမေဆင်က "ကျုပ်ကတော့ အော်ပြီး ပြောပြီဆိုရင် တကယ်အလုပ်ဖြစ်မှ ကြိုက်တယ်"

လော့က စီးကရက်တစ်လိပ် ထုတ်သောက်ကာ "ဟုတ်လား" ဟု သာ ပြန်ပြောသည် ။

အငှားကားက လက်ဝဲဘက်သို့ ချိုးလိုက်စဉ် ပယ်ရီမေဆင်က "ရှေ့နားမှာ ဟိုတယ်တစ်ခု ရှိတယ်" ဟု လော့ကို ပြောလိုက်သည် ။

"ကျုပ် သိပါတယ်၊ ဒါပေမဲ့ ဒီနေရာက နီးလွန်းနေတယ်၊ တခြားနေရာတစ်ခု သွားကြမယ်" ဟု လော့က ပြောသည် ။

"ကောင်းပါပြီလေ၊ ခင်ဗျားစိတ်ကြိုက် ရွေးပါ"

အတော်ကလေး မောင်းပြီးတော့မှ လော့က မှန်တံခါးကို ခေါက်ကာ ရှေ့နားတစ်နေရာတွင် ရပ်ပေးရန် ယာဉ်မောင်းကို အချက်ပြလိုက်သည် ။ ကားရပ်ပြီးနောက် မေဆင်က ကားခ ထုတ်ပေးလိုက်သည် ။ ထို့နောက် လော့ ဦးဆောင်ခေါ်သွားရာ အပေါ်စား ဟိုတယ်တစ်ခုသို့ လိုက်သွားသည် ။ အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် တက်သွားကြပြီး ဧည့်သည် ဆောင်တွင် ထိုင်ကြသည် ။ မျက်နှာချင်းဆိုင် ထိုင်ကြခြင်းဖြစ်ရာ သူတို့ နှစ်ဦးကြား၌ ဆေးလိပ်ပြာခွက် တင်သည့် ခုံကလေး ခြားနေသည် ။

"ကဲ . . . ဆိုဗျာ၊ ခင်ဗျားက ပယ်ရီမေဆင် ဆိုတဲ့ ရှေ့နေကြီး။ တစ်စုံ

တစ်ယောက်ကို ကိုယ်စားပြုပြီး ကျုပ်ကို လာတွေ့တယ်၊ တစ်ခုခု ပြောချင်တယ်၊ ဒီတော့ ပြောစရာရှိတာ ပြောပေတော့" ဟု ဖရန့်လောက စကားစသည် ။

မေဆင်က "ခင်ဗျားတို့ စာစောင်မှာ သတင်းတစ်ခုကို မထည့်ဘဲ ထားစေချင်တဲ့ ကိစ္စပဲ" ဟု လိုရင်းကို ပြောလိုက်သည် ။

"ဒီကိစ္စမျိုးက လူအတော်များများ လာပြီး ပြောတတ်ကြတဲ့ ကိစ္စမျိုးပဲ၊ ခင်ဗျား မထည့်စေချင်တဲ့ သတင်းက ဘာလဲ" ဟု လော့က ပြန်မေးသည် ။

"ဒီလိုလုပ်ဗျာ၊ ဘာသတင်းလဲ မပြောသေးခင် လုပ်ထုံးလုပ်နည်း ကိစ္စတစ်ရပ်ကို ပြောရအောင်၊ ငွေရေး ကြေးရေးကိစ္စကို ပြောတာ"

"အို . . . အို . . . မလုပ်ပါနဲ့ ၊ ကျုပ်တို့ ငွေညှစ်နေတဲ့ စာစောင် မဟုတ်ဘူး ဗျ၊ တစ်ခါတလေ ကြော်ငြာရှင် တွေကို အခွင့်အရေးပေးတဲ့ သဘောမျိုးပဲ ရှိတယ်" ဟု လော့က ပျာပျာသလဲ ခေါင်းခါ၍ ပြောသည် ။

"အင်း . . . အင်း . . . ဆိုပါဦး၊ ကြော်ငြာရှင်တွေကို အခွင့်အရေး ပေးတယ်ဆိုတာ"

"ဒီလိုဗျာ၊ ခင်ဗျားက ကြော်ငြာရှင်၊ ကျုပ်တို့ သတင်းစာမှာ ကြော်ငြာ ထည့်ဖို့ စာမျက်နှာတစ်ခု။ ကော်လံလက်မ တချို့ကို ဝယ်နိုင်တယ်၊ ကျုပ်တို့ က စာမျက်နှာ နေရာ ရောင်းစားတယ်၊ ဒီသဘောပဲ၊ ရှင်းပြီလား"

"နားလည်ပြီ"

"ကိုင်း ဒီတော့ ခင်ဗျားရဲ့ ကြော်ငြာက ဘာလဲ ပြောဗျာ"

"ဘိဝုဟိုတယ်မှာ မနေ့ညက သေနတ်ပစ်မှုတစ်ခု ဖြစ်ခဲ့တယ်၊ အဲဒီ သေနတ်ပစ်မှုက အတော်ဆန်းသဗျ၊ သေနတ်ပစ်ခံရသူကို အဲဒီနေရာ

ရောက်အောင် အကွက်ဆင် ထောင်ချောက်ထောင်တဲ့ သဘောမျိုး ဖြစ်နေတယ်၊ ခရိုင် ဥပဒေ အကျိုးဆောင်ကြီးကတော့ စုံစမ်းစစ်ဆေးရေးကို ဖိဖိစီးစီး လုပ်နေပြီ"

"ခင်ဗျားပြောနေတာ လိုရင်းကို မရောက်သေးဘူး"

"ပြောနေတယ်လေ၊ လာလိမ့်မပေါ့၊ အဲဒီလို ခရိုင်ဥပဒေ အကျိုးဆောင်ကြီးက စစ်ဆေးနေတဲ့ သက်သေ စာရင်းထဲမှာ ကျန်နေသူ ရှိသေးတဲ့ "

မေဆင်၏ စကား ထိုနေရာသို့ အရောက်တွင် လော့က သူ့ကို စူးစမ်းသလို ကြည့်ကာ "ခင်ဗျားက ဘယ်သူ့ကို ကိုယ်စားပြုလာတာလဲ" ဟု မေးမြန်းသည် ။

"ခင်ဗျားတို့ စာစောင်ရဲ့ ကြော်ငြာရှင် ဖြစ်နိုင်တဲ့ လူတစ်ယောက်ပေါ့ဗျာ" ဟု မေဆင်က ဖြေသည် ။

"ကဲ၊ ဒီတော့ . . . ဘာဆက်ဖြစ်သလဲ ဆက်ပြောလေဗျာ" ဟု လော့က စကားဆက်ခိုင်းသည် ။

"ကျန်တဲ့ အပိုင်း ခင်ဗျား သိပြီးသားပဲ"

"ကျုပ်သိရင်လည်း သိတယ်လို့ ဘယ်ပြောမလဲ၊ အင်းလေ . . . ကျုပ်တို့ ကတော့ ကြော်ငြာရှင်ကို စာမျက်နှာ ရောင်းစားတာပဲ၊ ခင်ဗျား ကြိုက်တဲ့ အချိန် ကြော်ငြာ လာထည့်နိုင်တယ်၊ ကြော်ငြာအတွက် စာမျက်နှာ နေရာဝယ်ပြီး မထည့်ဖြစ်ရင်လည်း ကြော်ငြာရှင်ရဲ့ တာဝန်ပေါ့"

"ကောင်းပြီ၊ ကျုပ်က ကြော်ငြာရှင်တစ်ယောက် အနေနဲ့ ခင်ဗျား စာစောင်မှာ ကြော်ငြာထည့်ဖို့ နေရာ ဝယ်မယ်၊ ဒါပေမဲ့ မထည့်ဖြစ်လိုက်ဘူးပေါ့၊ အဲဒီ မထည့်ဖြစ်တဲ့ ကြော်ငြာကတော့ ဘိဂုဟိုတယ် သေနတ်

ပစ်မှုမှာ သက်သေစာရင်းထဲ မဖော်ပြထားတဲ့ နာမည် တစ်ခုပဲ၊ အဲဒီနာမ ည်ကို စာစောင်ထဲမှာ လုံးဝ မပါစေချင်ဘူး၊ ဒီတော့ ကြော်ငြာခ ဘယ် လောက်ကျမလဲ"

"ကြော်ငြာခကို ဘယ်တော့ ပေးမှာ လဲ"

"ကျုပ် ထည့်မယ်လို့ ပြောတဲ့ ကြော်ငြာကို မထည့်ဖြစ်ဘဲ ခင်ဗျားစာ စောင်မှာ လုံးဝမပါတဲ့ အချိန်ပေါ့"

"ဒါမျိုး ကျုပ်တို့ မကြိုက်ဘူး၊ တစ်ရက်နှစ်ရက် စောင့်နေရမဲ့ သ ဘောမျိုး ဖြစ်နေမှာ ပေါ့"

"ကျုပ်က ကြော်ငြာခ ပေးပြီးမှ ခင်ဗျားတို့ က ကြော်ငြာကို ထည့်ပစ် လိုက်ရင် ဘယ်ဖြစ်မလဲ၊ ဒီတော့ ဘယ်လိုလုပ်မယ် ဆိုတာ စဉ်းစားလေ၊ ကျုပ် ၁၀ မိနစ် စောင့်မယ်"

"ဟာ ... ၁၀ မိနစ်တော့ ဘယ်ဖြစ်မလဲ၊ အချိန်တော့ ယူရဦးမှာ ပေါ့ "

"မရဘူး၊ ၁၀ မိနစ်ပဲ အချိန်ရမယ်" ဟု မေဆင်က ပြောသည် ။

"ခင်ဗျား ကျုပ်ဆီ လာပြီး စကားဆိုတဲ့ လူနော်၊ ကျုပ်က ခင်ဗျားဆီ လာစေ့စပ်တာ မဟုတ်ဘူး ၊ အဲဒါလည်း သတိထားဦး" ဟု လော့က ပြောသည် ။

"ဒီမှာ ကိုယ့်လူ၊ ကျုပ်ကလည်း အချိန်နဲ့ လုပ်နေတာ၊ အမှုသည် ကို ဆက်သွယ်ဖို့ ကလည်း ရှိသေးတယ်"

"ဩော် ... ဒီလိုလား၊ ဒါဖြင့်လည်း ကျုပ်ရုံးကို ဖုန်းပြန် ဆက်လိုက် ဦးမယ်"

"ကောင်းပြီ၊ ကျုပ်ကလည်း စောင့်နေမယ်"

လော့က ချက်ချင်းပင် ထသွားပြီး ဓာတ်လေကားဖြင့် အောက်ထပ် ဆင်းသွားသည် ။ မေဆင်က အောက်ထပ်သို့ မြင်ရသော နေရာမှ အသာ သွားကြည့်နေသည် ။ လော့သည် မြေညီထပ် ဧည့်ခန်းဆောင်မှ တယ်လီ ဖုန်း စကားပြော မှန်လုံခန်းများ ဆီသို့ မသွားဘဲ တံခါးဖွင့် ထွက်သွား ကာ လမ်းတစ်ဖက်ကို ဖြတ်ကူး သွားသည် ။ လမ်းတစ်ဖက်ရှိ စားသောက်ဆိုင် တစ်ခုထဲသို့ လော့ ဝင်သွားပြီး သုံးလေးမိနစ် အကြာတွ င် ပြန်ထွက်လာကာ ဟိုတယ်ဆီ ပြန်လျှောက်လာသည် ။

မေဆင်က တယ်လီဖုန်းရုံများ ဆီသို့ ဆင်းသွားကာ မှန်လုံခန်းတစ်ခု ထဲ ဝင်လိုက်သည် ။ လော့ သူ့အခန်းမှ ဖြတ်လျှောက်သွားချိန်တွင် တံခါး ကို ဟ၍ ခေါင်းထုတ်ကာ လှမ်းခေါ်လိုက်သည် ။ လော့၏ မျက်လုံးသေ ကြီးများ ပင် အံ့အားတသင့် ဖြစ်သွားဟန်ဖြင့် လှမ်းကြည့်သည် ။

မေဆင်က "ခင်ဗျား စဉ်းစားစရာ ရှိတာ ဆက်စဉ်းစားပါ၊ ကျုပ်ကလ ည်း အခုလောလောဆယ် အမှုသည် နဲ့ လှမ်းဆက်သွယ်နေရသေးတယ်၊ ဒါမှ ခင်ဗျားက ဈေးပြောရင် ချက်ချင်းပြန်ပြီး အဖြေပေးနိုင်မှာ ၊ ဒါပေမဲ့ ခုထိ ခေါ်လို့ မရသေးဘူးဗျ၊ တယ်လီဖုန်း ဘယ်သူမှ မကိုင်ဘူး၊ ကျုပ် လည်း ထည့်ထားတဲ့ ပိုက်ဆံ ပြန်ကျမလာသေးလို့ စောင့်နေတာ"

လော့က မယုံသင်္ကာဖြင့် ကြည့်နေပြီးမှ ပြောသည် ။

"ပိုက်ဆံ ပြန်ကျမလာလည်း ထားလိုက်စမ်းပါဗျာ၊ ကျုပ်တို့ အချိန်က ပိုပြီး အဖိုးတန်ပါတယ်၊ ကဲ ...လာပါ"

မေဆင်က တယ်လီဖုန်းဘက်သို့ ပြန်လှည့်ကာ ဘုကလေးများကို အကြိမ်သုံးကြိမ် နှိပ်ကြည့်လိုက်ပြန် ပြီးမှ ပခုံးတွန့်၍ တယ်လီဖုန်းကို ပြ န်ချထားလိုက်ပြီး ထွက်လာခဲ့သည် ။ နှစ်ဦးသား မူလ သူတို့ ထိုင်စကား

ပြောခဲ့ကြသော နေရာသို့ ပြန်သွားကြသည် ။

"ကဲ . . . ဆိုစမ်းဗျာ၊ ဘယ်လိုလဲ" မေဆင်က စပြောသည် ။

"ကျုပ် စဉ်းစားပြီးပါပြီ၊ ကိစ္စက ဒီလိုဖြစ်နေတယ်ဗျာ၊ ခင်ဗျား အမူ သည် ရဲ့ နာမည်က နိုင်ငံရေး ရှုထောင့်က ကြည့်ရင် အတော် အရေးပါ နေတယ်၊ ဒီတော့ . . ."

"ဒါတွေ ပြောမနေနဲ့ တော့ဗျာ၊ ရှင်းရှင်းသာ ပြောစမ်းပါ၊ ခင်ဗျား ပြောမဲ့ ဈေးက ဘယ်လောက်လဲ"

"ကြော်ငြာဈေးက ခုလို အရေးကြီးတဲ့ ကြော်ငြာမျိုး အတွက်ဆိုရင် ဒေါ်လာနှစ်သောင်း ယူတယ်" ဟု လော့က ပြောလိုက်ရာ မေဆင်က တွ န့်ခနဲ ဖြစ်သွားပြီး ဒေါသဖြင့် ပြောလိုက်သည် ။

"ကိုယ့်လူ ရူးနေသလား"

လော့က ပခုံးကို ဟန်ပါပါတွန့်၍ ပြန်ပြောသည် ။

"ဒါကတော့ သဘောပဲလေ၊ ခင်ဗျားတို့ က ကြော်ငြာကို ဝယ်မဲ့လူပဲ"

မေဆင်က ထိုင်ရာမှ ထရပ်လိုက်ကာ ဓာတ်လှေကားဆီသို့ လျှောက် သွားသည် ။ လော့က ကမန်းကတန်း ၍ လိုက်လာသည် ။ ဓာတ်လှေ ကားထဲ အရောက်တွင် . . .

"နေဦးလေ၊ ကျုပ်တို့ ကြော်ငြာနှုန်းက အလျှော့အတင်း ရှိသေးတယ် " ဟု လော့က ပြောသည် ။

"ဘာလဲ၊ လျှော့ပေးဦးမလား" မေဆင်က မေးသည် ။

" မဟုတ်ဘူး ၊ နောက်တစ်ခါ စကားပြောကြရရင် ဒီနှုန်းထက် မြင့် သွားလိမ့်မယ် ဆိုတာ ပြောတာ"

"ကိုင်း . . . တော်ပြီ ကိုယ့်လူ၊ ပြောမနေနဲ့ တော့၊ မင်းတို့ ကောင်တွေ ဘယ်လို အစားမျိုးဆိုတာ ငါ သိတယ်၊ ငါအခု ပြောလိုက်မယ်၊ မင်းတို့ တစ်နေ့နေ့ မထိဘဲ မနေဘူးဆိုတာ မှတ်ထား"

"ဘယ်လိုထိမှာ လဲ ဆရာကြီးရဲ့ "

"မင်းတို့ လုပ်နေတာ ငွေညှစ်နေတဲ့ အလုပ်၊ ဒါမျိုးဟာ တစ်နေ့နေ့ ထိမှာ သေချာတယ်"

"ထိအောင်လုပ်ဖို့ ကြိုးစားတဲ့ လူတွေ အရင်ကလည်း ကြုံဖူးပါတယ်ဗျာ၊ ဒီလိုပဲ ပြောသွားကြတာပဲ"

"ငါက ပြောရုံပြောတာ မဟုတ်ဘူး ကွ၊ နားလည်လား၊ ငါက လုပ်ပြမဲ့လူမျိုး"

"ခင်ဗျားပြောတာ ကျုပ်ကြားပါတယ်ဗျ၊ အော်ပြောဖို့ မလိုပါဘူး"

"ကိုင်း . . . ဒါဖြင့်လည်း သွားတော့၊ ငါ ဒီကိစ္စကို စကိုင်ပြီဆိုတာ မှတ်သွားပေတော့"

"ကောင်းပါပြီတဲ့ ဗျာ၊ ကဲ . . . စိတ် မရှိရင် ဓာတ်လှေကား ခလုတ်ကလေး တစ်ဆိတ် နှိပ်လိုက်ပါ၊ ဒါမှ မဟုတ်ရင်လည်း နည်းနည်း ဖယ်ပေးပါ၊ ကျုပ် ခလုတ်နှိပ်မလို့ "

မေဆင်က ဘာမှ မပြောတော့ဘဲ ခလုတ်ကို နှိပ်လိုက်သည် ။ မြေညီထပ် ရောက်သော် အပြင်ထွက်လိုက် ကြသည် ။ လမ်းမပေါ် အရောက်တွင် လော့က ပြုံးလျက် လှမ်းပြောသည် ။

"စိတ်မရှိပါနဲ့ ဗျာ"

မေဆင်က "မလိုပါဘူးကွ" ဟု ပြော၍ လှည့်ထွက်ခဲ့သည် ။

***